## မွန်ဂိုးလီးယား ကျူးကျော်မှုများ

အေဒီ ၁၃ ရာစု အစောပိုင်းကာလတွင် ဂျင်ဂစ်ခန်၏ ဦးဆောင်မှုဖြင့် မွန်ဂိုးလီးယားတို့၏ ကျူးကျော်ခြင်းများသည် မူဆလင် မင်းဆက် အဘာဆက်ဒ်တို့ အုပ်ချုပ်သော ဒေသများကို အကြီးအကျယ် ဖျက်ဆီးခြင်း ခံခဲ့သည် ဟု သမိုင်းတွင်နေတော့သည်။ မွန်ဂိုအင်ပါယာသည် အာရှအလယ်ပိုင်းဒေသနှင့် ပါရှားအင်ပါယာအတွင်းသို့ တမုဟုတ်ချင်း ကျယ်ပြန့်ထိုးဖေါက်လာခဲ့ပြီး ပါရှားတို့၏ နေပြည်တော် အက်ဖ်ခန်သည် အေဒီ ၁၂၃၇ တွင် မွန်ဂိုတို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ အေဒီ ၁၂၅၁ တွင် ခန်၏ ရွေးကောက်မှုဖြင့် တက်လာသော မွန်ကီ လက်ထက်တွင် မွန်ဂိုတို့သည် အဘီဆိုက်ဒ် နေပြည်တော် ဘဂ္ဂဒတ်သို့ မျက်လုံးကျလာခဲ့သည်။ မွန်ကီ၏ အစ်ကို ဟူလီဂူအား မွန်ဂိုတပ်မတော်၏ စစ်သူကြီးချုပ်ခန့်အပ်ပြီး ဘဂ္ဂဒတ်၏ အင်အားကို ယုတ်လျော့စေခဲ့သည်။ အေဒီ ၁၂၅၈ ဘဂ္ဂဒတ်တိုက်ပွဲတွင် မွန်ဂိုတို့၏ စစ်အင်အားကို အဘီဆိုက်ဒ်တို့က ပြန်လည်ခုခံနိုင်ခဲ့သည်ဟု မြင်ရသော်လည်း၊ နောက်ဆုံးတွင် အဘာဆက်ဒ်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည့် အလ်မူတာ့အ်ဆင်းမ် ကို မွန်ဂိုတို့က ဖမ်းဆီး သတ်ဖြတ်နိုင်ခဲ့ပေသည်၊ ၎င်းနှင့်အတူ ဘဂ္ဂဒတ်မြို့ကိုလည်း ညစ်ညစ်ကျေအောင် ဖျက်ဆီးခဲ့ပေသည်။ များမကြာမီ အေဒီ ၁၂၆၀တွင် ဒမတ်စကတ်နှင့် အလက်ပို မြို့တော်များသည် မွန်ဂိုတို့၏ လက်အောက်သို့ ကျရောက်ခဲ့ပေသည်။ ထိုအတောအတွင်းတွင် မွန်ဂိုဘုရင် မွန်ကီး နတ်ရွာစံသွားသောကြောင့် အီဂျစ်သို့ သိမ်းပိုက်မှုမှာ အနည်းငယ် နောက်ကျ ခဲ့ပေသည်။

မွန်ဂိုတို့သည် အရှေ့ဘက် အီဂျစ်ကို အုပ်ချုပ်နေသော အေယူဘက် မင်းဆက်ကို အောင်မြင်မှုနှင့်အတူ အေဒီ ၁၂၅၀ တွင် မန်လွတ်က်တို့ကို ကျေးကျွန် စစ်သားများအဖြစ် နေရာချထားခဲ့ပေသည်။ မန်လွတ်က် စစ်ဗိုလ်ချုပ် အေဘတ်သည် အေယူဘက် နောက်ဆုံးသမ္မတ အလ်ဆာလေ အာယွတ်မှ ကျန်ခဲ့သော မုဆိုးမ ရှာဂျာအိုဒါရ်ကို ထိမ်းမြားလက်ထပ်ခဲ့ပေသည်။ ထို့နောက် မန်လွတ်က် လူ့အသိုင်းအဝိုင်းများ အတွင်းတွင် စစ်တပ်မှာ ဂုဏ်သိက္ခာ မြင့်မားလာခဲ့၍၊ ထိုမှတဆင့် မွန်ဂိုများနှင့် ထိပ်တိုက်တိုး မှုများ ဖြစ်လာတော့သည်။ အေဘတ်ကို လုပ်ကြံခံရ၍၊ အေဒီ ၁၂၅၉ တွင် ကွာတာ့စ် နန်းတက်လာသော အခါ၊ မွန်ဂိုတို့ကို ပြတ်သားစွာ စိန်ခေါ်မှုများ ဖြစ်လာတော့သည်။ အေဒီ ၁၂၆၀ နောက်ပိုင်းတွင် ဖြစ်သောစစ်ပွဲ အိန်ဂျလုတ် မှာ မွန်ဂိုတို့အား လိုက်လံတိုက်ခိုက်ခြင်း ဖြစ်ပေသည်။ ၎င်းမှာ မွန်ဂိုတို့အတွက် ကြမ္မာပြောင်းရန် အချက်ပြခဲ့ခြင်း ဖြစ်၍၊ ဟင်းမ် စစ်ပွဲတွင်လည်း မွန်ဂိုတို့မှာ ရှုံးနိမ့်ခဲ့ပြီး၊ များမကြာမီ ဆီရီးယားမှလည်း မောင်းထုတ်ခံခဲ့ရပေသည်။ မန်လွတ်က်တို့သည် ကရူးဆိတ် စစ်သည်များ၏ နောက်ဆုံး ပိုင်နယ်များကိုလည်း ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com